ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ

Karenni State Consultative Council (KSCC)

Karenni State Consultative Council(KSCC), Email: teamseckscc@protonmail.com

## " စားနပ်ရိက္ခာဆိုင်ရာ စီမံမှုအထူးပန်ကြားလွှာ"
## ကြေညာချက် အမှတ်(၄/၂၀၂၂)

နေ့စွဲ။ ။၂၀၂၂ခုနှစ်၊ မတ်လ(၁)ရက်

ကရင်နီပြည်နယ်အတွင်း ၂၀၂၁ခုနှစ်၊ မေလ (၂၂) မှ ၂၀၂၂ ခုနှစ်၊ ဖေဖါ်ဝါရီလ (၂၀)ရက်နေ့အတွင်း စစ်ရေးဆိုင်ရာ ထိတွေ့တိုက်ခိုက်မှုများကြောင့် လူဦးရေ စုစုပေါင်း (၁၇၀,၀၀၀)ဦး ထက်မနည်းသော ပြည်သူလူထုသည် ပြည်နယ်အတွင်း တွင်သော်လည်းကောင်း အခြားသော တိုင်းနှင့် ပြည်နယ်အတွင်းသို့ စစ်ဘေးရှောင်ဘဝအဖြစ် ထွက်ပြေးခိုလှုံ လျှက်ရှိနေသည်။ စစ်ဘေးရှောင် ပြည်သူအများစုသည် မိမိတို့၏နေအိမ် ကျေးရွာများမှ အလျှင်စလိုစွန့်ခွာ ထွက်ပြေးရသဖြင့် စားနပ်ရိက္ခာနှင့် အိမ်သုံးပစ္စည်း အနည်းငယ်သာ ယူဆောင် နိုင်ခဲ့ကြသည်။ စစ်ဘေးရှောင်ပြည်သူ အများစုသည် စားနပ်ရိက္ခာအနည်းငယ်နှင့် ယာယီစစ်ရှောင်စခန်းများတွင် နေထိုင်နေလျှက်ရှိပြီး စားနပ်ရိက္ခာ၊ ဆေးဝါးနှင့် သောက်သုံးရေရရှိနိုင်မှုသည် လက်ရှိအချိန်အထိအကန့်အသန့်ဖြင့် ရပ်တည်နေကြရသည်။ ပြည်သူလူထုအချင်းချင်း အချိန်ကာလအတန်ကြာသည်အထိ ရိုင်းပင်း ပံ့ပိုးကူညီကြ သည်ကိုလည်း သိရှိဂုဏ်ယူအပ်ပါသည်။ ယခုကာလအချိန်တွင် လူသားချင်းဆိုင်ရာ စာနာထောက်ထားမှု လွှမ်းခြုံ နိုင်မှုသည် ယခင်ကာလထက် ပိုမိုကြပ်တည်းလာသည့်အပြင် (ယခု ၂၀၂၂ခုနှစ် နှစ်ဦးပိုင်းကာလ) ထောက်ပံ့မှုများ **"ပိုမိုလျော့နည်း"** လာသည်ကို တွေ့ရှိနေရသည်။

ထို့အတွက်ကြောင့် မိမိတို့ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီမှ စားနပ်ရိက္ခာဆိုင်ရာအစီအမံအတွက် အောက်ပါ အသိပေး အကြံပြုချက်များအား ပြည်သူလူထုနှင့် စစ်ဘေးရှောင်ပြည်သူများအား အထူးသတိပြု လိုက်နာပါရန် ပန်းကြားလိုပါသည်။

၁) စားနပ်ရိက္ခာစာရင်းများပြုစုထားရန်နှင့် ဆန်၊စပါး၊ ပြောင်းနှင့် ပဲအမျိုးမျိုးတို့အား စနစ်တကျစုဆောင်း သိုလှောင်ထားရန်။

(၂) မိသားစုဝင်များအတွက် (၃)ရက်စာ ဆန်၊ ဆီး၊ ဆားနှင့် အခြေခံဆေးဝါးများအား စနစ်တကျထုတ်ပိုး စုဆောင်းထားရန်။

၃) ပြည်သူလူထု အချင်းချင်း အပြန်အလှန်မျှဝေ ကူညီမှုဖြင့် ကနဦးစားနပ်ရိက္ခာ ပြတ်လပ်မှုကို ကြား ခံပေးရန်။

၄) စားနပ်ရိက္ခာပြတ်တောက်ပါက နီးစပ်ရာ ကျေးရွာကော်မတီနှင့် စစ်ဘေးရှောင် စခန်းကော်မတီများထံ ချက်ခြင်း အကြောင်းကြားရန်။
၅) သက်ကြီးရွယ်အို၊ နာမကျန်းလူနာ၊ (၁၆)နှစ်အောက် ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များကို ဦးစားပေးရန်။
၆) ဆန်ရေစပါး အများအပြား အသုံးပြုရသည့် မည်သည့် မွေးမြူရေးလုပ်ငန်းနှင့် သရေစာထုတ်ကုန် လုပ်ငန်းများအား ရပ်ဆိုင်းရန် အထူးပန်ကြားအပ်ပါသည်။

ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ
Karenni State Consultative Council